


# ဟဂျ်အွမ်ရဟ်လမ်းညွှန်

2025 EDITION

*Digital Handbook*



*Presented by :* AL-SAFA

1444 AH

Educational Network

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

1444 AH

# AL - SAFA

# Educational Network

မှ
စီစဉ်တင်ဆက်သည်။

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ စီစဉ်တင်ဆက်သည်။

# بسم الله الرّحمٰن الرّحيم

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# السلام عليكم

# ورحمة الله وبركاته

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ယခုနှစ်ဟဂျ်သွားရောက်မည့် ဟာဂျီ၊ ဟာဂျီမများ
၏ ဟဂျ်၊ အွမ်ရဟ်နှင့် အမလ်အိဗာဒသ်များကို
အလ္လာဟ်အရှင်မြတ်
လက်ခံကဗူလ်ပြုတော်မူပါစေကြောင်း
**AL-SAFA Educational Network**

အဖွဲ့သားများဘက်မှ

ဆုမွန်ဒုအာဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။





وَلِلّٰهِ عَلَى النَّاسِ حِجُّ الْبَيْتِ مَنِ اسْتَطَاعَ إِلَيْهِ سَبِيلًا ۚ

ထို့ပြင် လူများအနက်မှ အကြင်သူသည် ထိုအိမ်တော်သို့အရောက် ခရီးသွားရန် တတ်စွမ်းနိုင်ခဲ့ပါလျှင်၊ အလ္လာဟ်အရှင်မြတ် (နှစ်သက်တော်မူရန်) အတွက် ထိုအိမ်တော်သို့ သွားရောက် ဟဂ်ျပြုရန် (ထိုသူ့အပေါ်၌) ဖရ်ဇ်တာဝန်ရှိပေသည်။ ۝

ကုရ်အာန် (၃:၉၆၊ ၉၇)

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

وَأَذِّن فِي ٱلنَّاسِ بِٱلۡحَجِّ يَأۡتُوكَ رِجَالٗا
وَعَلَىٰ كُلِّ ضَامِرٖ يَأۡتِينَ مِن كُلِّ فَجٍّ عَمِيقٖ ○

"အသင်သည် လူခပ်သိမ်းတို့အား (ထူးမြတ်လှစွာသော ယင်းအိမ်တော်သို့ လာရောက်ဖူးမြော်) ဟဂ်ျပြုကြရန် ကြေညာ(ဖိတ်ခေါ်)ပါလေ။ (ထိုအခါ)လူတို့သည် အလွန်ဝေးလံသော လမ်းခရီးတိုင်းမှ ခြေလျင်သော်လည်းကောင်း၊ ကျုံလှီပိန်ချုံးသော ကုလားအုတ်များပေါ် ၌ စီးနင်း၍လည်းကောင်း၊ အသင့်ထံသို့ လာရောက်ကြပေမည်။"

ကုရ်အာန် (၂၂:၂၇)

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ٱلْحَجُّ أَشْهُرٌ مَّعْلُومَٰتٌ ۚ فَمَن فَرَضَ فِيهِنَّ ٱلْحَجَّ
فَلَا رَفَثَ وَلَا فُسُوقَ وَلَا جِدَالَ فِى ٱلْحَجِّ ۗ

ဟဂျ်ပြုလုပ်ရန်လများမှာ အများသိရှိပြီးဖြစ်သော လများပင်ဖြစ်သည်။ သို့ရှိရာ အကြင်သူသည် ထိုလများ၌ ဟဂျ်ပြုလုပ်ရန် သတ်မှတ်ခဲ့လျှင် ထိုသူသည် ဟဂျ်အတွင်း၌ မည်သည့်ညစ်ညမ်းသော စကားကိုမျှ အလျှင်းမသုံးရ။ မည်သည့်အပြစ်ကိုမျှလည်း အလျှင်းမကျူးလွန်ရ။ မည်သည့်ငြင်းခုံခိုက်ရန်ဖြစ်ပွါးမှုကိုလည်း အလျှင်းမပြုရ။

ကုရ်အာန် (၂:၁၉၇)



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ဟဂျ်ခရီးစဉ်၌ အပြစ်ဂုနာဟ်များမှအထူးရှောင်ရန် လိုအပ်သည်။

ရှက်ဖွယ်လိလိကိစ္စရပ်များ နှင့် ဒုစရိုက်မှုများမှ
ရှောင်ကြဉ်ကာ ဟဂျ်တာဝန်အားထမ်းဆောင်ခြင်းဖြင့်
မွေးကင်းစကလေးငယ်ပမာ အပြစ်ဂုနာဟ်များ
ကင်းစင်သွားသည်။ (ဟဒီးဆ်)

လူသားအချင်းချင်းပေးဆပ်ရမည့် ဝတ္တရားများမှာမူ
ပလပ်ခြင်းခံရမည်မဟုတ်။

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

ဟဂျ်နှင့် အွမ်ရဟ်အကြိမ်ကြိမ်ပြုခြင်းဖြင့်
ဆင်းရဲကြပ်တည်းမှု ပပျောက်သည်။ (ဟဒီးဆ်)

ဟာဂျီသည် ဘယ်သောအခါမျှ ဆင်းရဲမည်မဟုတ်။ (ဟဒီးဆ်)

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ကြွယ်ဝချမ်းသာသူများအနေဖြင့် အနည်းဆုံး (၅)နှစ်လျှင်တစ်ကြိမ် ဟဂ်ျပြုသင့်သည်။

5

ကျန်းမာရေးကောင်းမွန်၍ ကြွယ်ဝချမ်းသာသော်လည်း ငါးနှစ်တစ်ကြိမ် ငါအလ္လာဟ်အရှင်မြတ်၏ထံတော် (အိမ်တော်) သို့ ခစားဝင်ရောက်ခြင်းမရှိသူသည် (ကောင်းချီးများမှ) လက်မဲ့ဖြစ်သူပင်ဖြစ်၏။ (ဟဒီးဆ်)

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဟဂ်ျဂျေမဗ်ရူးရ် ၏ အစားမှာ ဂျန္နသ်မှတစ်ပါး အခြားမရှိတော့ပေ။ (ဟဒီးဆ်)

**ဟဂ်ျဂျေမဗ်ရူးရ်** ဆိုသည်မှာ

- အလ္လာဟ်အရှင်မြတ် လက်ခံကဗူလ်ပြုသောဟဂ်ျ
- ပြစ်စားလိုစိတ်ကင်းသောဟဂ်ျ
- မည်သည့်အပြစ်ဂုနာဟ်မျှ မပါဝင်သောဟဂ်ျ

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဟဂျ်ဂျေမဗ်ရူးရ် ၏ လက္ခဏာများ

- ✓ ဟဂျ်ပြုပြီးနောက်ဘဝနေထိုင်မှုစနစ်အကောင်းဘက်သို့ ပြောင်းလဲသွားခြင်း
- ✓ ကောင်းမှုကုသိုလ်များအားယခင်ထက်ပိုမိုကျင့်ကြံလာခြင်း
- ✓ ကျူးလွန်ခဲ့သော အပြစ်ဂုနာဟ်များကို အပြီးအပိုင် စွန့်လွှတ်လိုက်ခြင်း

ဟဂ်ျ နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA

1444 AH

Educational Network

မှ စီစဥ်တင်ဆက်သည်။

# ဟဂ်ျခရီးစဥ်အတွက် လမ်းညွှန်ချက် (၂၀)

၁။ မသင့်မမြတ် ဖြစ်ထားသူများနှင့် ပြေလည်မှုရယူလိုက်ပါ။

၂။ တစ်စုံတစ်ယောက်အပေါ် မတရားမှု ကျူးလွန်ထားပါက ၎င်းအား ကျေနပ်သည်အထိ တောင်းပန်၍ သင်ပုန်းချေလိုက်ပါ။

၃။ အပေးအယူကဏ္ဍများကို ရှင်းလင်းအောင်ပြုထားပါ။ (အရေးကြီးအပေးအယူကဏ္ဍများနှင့် ပေးဆပ်ရန် သို့မဟုတ် ရရန်ရှိသည့် ကြွေးမြီကဏ္ဍများနှင့်စပ်လျဥ်း၍ မိမိအိမ်သူအိမ်သားများအား အသိပေးထားပါ။ သို့မဟုတ် ဝဆီယသ် မှာတမ်းစာ ရေးထားခဲ့ပါ။)

ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA

Educational Network

မှ စီစဉ်တင်ဆက်သည်။

၄။ ကြွေးကျန် ဖရ်ဇ်၊ ဝါဂျိဗ် (နမားဇ်၊ ရိုဇဟ်၊ ဇကားသ်၊ ဖိသွ်ရဟ်၊ ကုရ်ဘာနီ၊ နဇရ်ကိုးမှု အစရှိသည်) များအား ကဇ္ဇာပြု ဖြည့်ဆည်းပါ။ အားလုံးကို လက်ငင်း ကဇ္ဇာမဖြည့်နိုင်သေးလျှင် အမြန်ဆုံး ကဇ္ဇာ ဖြည့်ဆည်းရန် သန္နိဋ္ဌာန်ချပါ။

၅။ ကျူးလွန်မိခဲ့သော အပြစ်ဂုနာဟ်များ အားလုံးမှ စစ်မှန်သော နှလုံးသားဖြင့် သောင်ဗဟ်ပြု အမှားဝန်ချ တောင်းပန်၍ နောက်နောင် မကျူးလွန်မိစေရန် သန္နိဋ္ဌာန်ချပါ။

၆။ မိဘနှစ်ပါးရှိပါက ခရီးမထွက်မီအလျင် ၎င်းတို့၏ ကျေနပ်မှုကို ရယူပါ။ လိုအပ်ပါက ၎င်းတို့ ဖူလုံစွာ သုံးစွဲနိုင်ရေး အစီအစဉ်ပြုလုပ်ခဲ့ပါ။

၇။ ဇနီးနှင့် သားသမီးများကို အားပေးနှစ်သိမ့်ပြီးမှ ခရီးထွက်ပါ။ မိမိပြန်လာသည်အထိ ၎င်းတို့ ဖူလုံစွာ သုံးစွဲနိုင်ရေး အစီအစဉ်ပြုလုပ်ခဲ့ပါ။

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

၈။ ဟဂျ်၊ အွမ်ရဟ်ပြုလုပ်နည်းနှင့် အရေးကြီးမတ်စ်အလဟ်များကို ကောင်းစွာ သင်ယူလေ့လာထားပါ။

၉။ ခိုင်လုံတိကျသည့် ဟဂျ်လမ်းညွှန်စာအုပ်စာပေများကို မိမိနှင့်အတူဆောင်ထားပါ။ လိုအပ်ပါက နားလည်တတ်ကျွမ်းသည့် ဆရာများအား မေးမြန်း၍ အမလ်လုပ်ကျင့်သုံးပါ။ AL-SAFA Educational Network က တင်ဆက်ထားသော ဤ Digital Handbook ကိုလည်း ဆောင်ထားပါ။

၁၀။ ဟဂျ်နှင့်အွမ်ရဟ်၌ အဓိကကျသည့် သလ်ဗိယဟ်ကို ကောင်းမွန်စွာကျက်မှတ်ထားပါ။

**သလ်ဗိယဟ်**

لَبَّيْكَ اللّٰهُمَّ لَبَّيْكَ، لَبَّيْكَ لَا شَرِيكَ لَكَ لَبَّيْكَ، إِنَّ الْحَمْدَ وَالنِّعْمَةَ لَكَ وَالْمُلْكَ، لَا شَرِيكَ لَكَ

ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်



AL-SAFA Educational Network မှ စီစဉ်တင်ဆက်သည်။

၁၁။ ဟဂျ်ခရီးစဉ် တစ်လျှောက်လုံး၌ အလ္လာဟ်အရှင်မြတ်၏ ကျေနပ်နှစ်သက်မှုကိုသာ ရည်ရွယ်ပါ။ ပြစားမှု၊ ကြွားဝါမှုများမှ အထူးသတိထား၍ ရှောင်ကြဉ်ပါ။

၁၂။ မိမိကိုယ်ကို နှိမ့်ချ၍ ကျိုးနွံစွာ နေထိုင်ကျင့်ကြံပါ။ လူအများနှင့် ကောင်းမွန်စွာ ပြုမူဆက်ဆံပါ။

၁၃။ လိုအပ်ချက်များကို ဝယ်ယူဖြည့်ဆည်းရာ၌ ဖြုန်းတီးမှု မဖြစ်စေဘဲ ဖောဖောသီသီ သုံးစွဲပါ။

၁၄။ အခြေအနေပေးပါက ခရီးဖော်များအတွက်လည်း ရက်ရောစွာ သုံးစွဲပါ။ တတ်နိုင်ပါက ၎င်းတို့အား ကူညီရန် ရည်ရွယ်၍ အပိုငွေ ဆောင်သွားပါ။

၁၅။ အိမ်မှမထွက်ခွာမီ ဆွဒကဟ်ပေးပါ။

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## ၁၆။ ခရီးထွက်သည့်အခါ ဖတ်ရသော ဒုအာကို ဖတ်ပါ။

اَللهُ أَكْبَرُ، اَللهُ أَكْبَرُ، اَللهُ أَكْبَرُ،

اَللّٰهُمَّ أَنْتَ الصَّاحِبُ فِي السَّفَرِ وَالْخَلِيفَةُ فِي الْأَهْلِ وَالْمَالِ وَالْوَلَدِ،

اَللّٰهُمَّ إِنَّا نَسْأَلُكَ فِي سَفَرِنَا هٰذَا الْبِرَّ وَالتَّقْوٰى، وَمِنَ الْعَمَلِ مَا تَرْضٰى،

اَللّٰهُمَّ إِنِّي أَعُوذُ بِكَ مِنْ وَعْثَاءِ السَّفَرِ، وَكَآبَةِ الْمَنْظَرِ،

وَسُوْءِ الْمُنْقَلَبِ فِي الْأَهْلِ وَالْمَالِ وَالْوَلَدِ،

اَللّٰهُمَّ هَوِّنْ عَلَيْنَا سَفَرَنَا هٰذَا، وَاطْوِ عَنَّا بُعْدَهُ.

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

၁၇။ ခရီးစဉ်တစ်လျှောက်လုံး အလ္လာဟ်အရှင်မြတ်အား သတိရတသနေပါ။ မိမိအတွက်၊ မိသားစုဝင်များ အတွက်နှင့် မွတ်စ်လင်မ်များအားလုံးအတွက်ပါ မြားမြောင်စွာ ဒုအာများတောင်းခံပါ။

၁၈။ ခရီးစဉ်တစ်လျှောက် ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆဲဆိုရိုင်းပျခြင်းများမှ အထူးရှောင်ကြဉ်ပါ။

၁၉။ နမားဇ်များကို ဂျမာအသ်နှင့်တကွ ဝတ်ပြုနိုင်ရန် အထူးဂရုပြုပါ။

၂၀။ အခက်အခဲမရှိလျှင် စွန္နသ်နှင့် နဖ်လ်နမားဇ်များကိုလည်း အလေးအနက်ထား၍ ဂရုတစိုက် ဝတ်ပြုပါ။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။


# အလွန်အရေးပါသော အစ္စလာမ့်မဏ္ဍိုင်ကြီး




ဟိဂျ်ရီ ၉ ခုနှစ်တွင် ဟဂျ်ဖရ်ဇ်ဖြစ်ခဲ့သည်။

ဟိဂျ်ရီ ၁၀ ခုနှစ်တွင် တမန်တော်မြတ် ﷺ သည် မိမိဘဝ၏ နောက်ဆုံးဟဂျ် (ဟဂျ်ဂျသုလ်ဝဒါးအ်) ကို ပြုလုပ်တော်မူခဲ့သည်။

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ဟဂ်ျသည် ဘဝတစ်သက်လုံးတွင်
တစ်ကြိမ်တစ်ခါမျှသာ ဖရ်ဇ်တာဝန်ထိုက်၏။

ဟဂ်ျပြုရန်တတ်စွမ်းနိုင်သူများအနေဖြင့်
အမြန်ဆုံးတာဝန်ချရမည်။ အချိန်မဆွဲကောင်းပေ။
ပြင်းထန်သော သတိပေးချက်များ လာရှိထား၏။

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## ဟဂ်ျမပြုမီ

- ကျူးလွန်ခဲ့သောအပြစ်များမှ သောင်ဗဟ်ပြုခြင်း
- လူသားအချင်းချင်း ကျူးလွန်ခဲ့သည်များကို ကျေလည်အောင် တောင်းပန်ခြင်း
- အခြားသူများ၏ ရပိုင်ခွင့်များနှင့် ကြွေးမြီများကို ပေးဆပ်ခြင်း

တို့ကို အလေးထားဆောင်ရွက်သင့်ပါသည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

အမျိုးသမီးများအနေဖြင့်
ခင်ပွန်း(သို့)မဟ်ရမ်မပါဘဲ
(၄၈)မိုင်ထက်ပိုသော
မည်သည့်ခရီးစဉ်ကိုမျှ
သွားခွင့်မရှိပါ။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထို့ကြောင့် ဟဂျ်တာဝန်ထိုက်သည့်
အမျိုးသမီးများအနေဖြင့်
ခင်ပွန်း(သို့)မဟ်ရမ်တစ်ဦးဦးကို
မိမိနှင့်အတူ ခရီးဖော်အဖြစ် စရိတ်ခံ၍
ခေါ်ဆောင်သွားရမည်။

အကယ်၍ ထို့သို့ခေါ်ဆောင်သွားရန်
အဆင်မပြေသေးလျှင် လတ်တလော
ဟဂျ်ခရီးစဉ်အား ဆိုင်းငံ့ထားရမည်။



အကယ်၍
နောက်ဆုံးအချိန်အထိ မည်သို့မျှ
အဆင်မပြေခဲ့လျှင် မကွယ်လွန်မီ
မိမိယုံကြည်စိတ်ချရသူ
တစ်ဦးဦးအား မိမိကိုယ်စား
ဟဂ်ျတာဝန်ထမ်းဆောင်ပေးရန်
“ဝဆီယသ်” မှာတမ်းခဲ့ရမည့်
တာဝန်ရှိပါသည်။





AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဟဂျ်အမျိုးအစား (၃) မျိုး

| အိဖ်ရားဒ် | ကိရားန် | သမသ်သိုအ် |
|---|---|---|
| ဟဂျ် | အွမ်ရဟ်+ဟဂျ် | အွမ်ရဟ် / ဟဂျ် |
| | (ပေါင်း) | (ခွဲ) |

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ၁။ အွမ်ရဟ်ကျင့်စဉ်များ

၁။ အွမ်ရဟ်အိဟ်ရာမ်

၂။ သွဝါးဖ်

၃။ စအီ

၄။ ဆံရိတ်/ညှပ်

ဟဂ်ျ နှင့် ဥမ်ရာဟ် လမ်းညွှန်

AL-SAFA Educational Network မှ စီစဉ်တင်ဆက်သည်။

# ဥမ်ရာဟ် ၏ ဖရ်ဇ် ၂ ချက်

၁ အိဟ်ရာမ်

၂ သွဝါးဖ်

ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်



AL-SAFA Educational Network မှ စီစဉ်တင်ဆက်သည်။

# အွမ်ရဟ် ၏ ဝါဂျိဗ် ၂ ချက်

၁ စအီ

၂ ဆံရိတ်/ညှပ်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ၂။ ဟဂျ်ကျင့်စဉ်များ

| | |
|---|---|
| ၁။ ဟဂျ်အိဟ်ရာမ် | |
| ၂။ မိနာ | ၈ ရက်နေ့ |
| ၃။ အရဖားသ် | ၉ ရက်နေ့ ဇုဟ်ရ်ပြီး |
| ၄။ မွတ်ဇ်ဒလိဖဟ် | ၁၀ ရက်နေ့ ဖဂျ်ရ်အချိန် |
| ၅။ ရှိုင်သွာန်တိုင်အကြီးအား ခဲပေါက်ခြင်း | ၁၀ ရက်နေ့ |

ဟဂျ် နှင့် အွမ်ရဟ်

လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

| | |
|---|---|
| ၆။ ကုရ်ဘာနီ (ဒမေရှုက်ရ်) | ၁၀ရက် မှ ၁၂ရက် အတွင်း |
| ၇။ ဆံရိတ်/ညှပ် | ၁၀ရက် မှ ၁၂ရက် အတွင်း |
| ၈။ သွဝါဖေဇိယာရသ် | ၁၀ရက် မှ ၁၂ရက် အတွင်း |
| ၉။ စအီ | အချိန်ကန့်သတ်ခြင်းမရှိ။ |
| ၁၀။ ရှိုင်သာန်သုံးတိုင်အား ခဲပေါက်ခြင်း | ၁၁-၁၂ ရက်နေ့ |
| ၁၁။ ညများတွင် မိနာ၌ နေထိုင်ခြင်း | ၁၀-၁၁ ရက်နေ့ |
| ၁၂။ သွဝါဖေဝဒါးအ် | အိမ်မပြန်မီ |

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဟဂ်ျ ၏ ဖရ်ဇ် ၃ ချက်

- ၁ အိဟ်ရာမ်
- ၂ ဝုကူးဖေ အရဖားသ်
- ၃ သွဝါးဖေဇီယာရသ်

ဖရ်ဇ်သုံးခုစလုံးအား ကိုယ်တိုင် မဖြစ်မနေ ပြုလုပ်ရန်တာဝန်ရှိသည်။

ဖရ်ဇ်တစ်ခုခု လွတ်သွားလျှင် ဟဂ်ျအထမြောက်မည်မဟုတ်ပါ။

ကိုယ်စားလုပ်ခိုင်း၍ မရသလို အလျော်အစားတစ်စုံတစ်ရာ ပေး၍လည်းမရပါ။

ဟဂ်ျ နှင့် အွမ်ရဟ် လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဟဂ်ျ ၏ ဝါဂျိဗ် ၆ ချက်

၁ ဝုကူးဖေ မွတ်ဇ်ဒလိဖဟ်

၂ ရှိုင်သာန် ခဲပေါက်ခြင်း

၃ ကုရ်ဘာနီ (ဒမေရှုက်ရ်) (ကိရားန်/သမသ်သိုအ်)




AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။


# ဟဂျ် ၏ ဝါဂျိဗ် ၆ ချက်

၄ ဆံရိတ်/ညှပ်

၅ စအီး

၆ သွဝါဖေဝဒါးအ်

ဝါဂျိဗ်တစ်ခုခုလွတ်သွားလျှင် သတ်မှတ်အလျော်အစားများ ပေးဆောင်၍ ကုစားနိုင်သည်။

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဟဂ်ျဂျေသမသ်သိုအ် ၏ ကျင့်စဉ်များ





# အွမ်ရဟ်ပြုလုပ်နည်း

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အိဟ်ရာမ်

နီယသ် + သလ်ဗိယဟ်

အိဟ်ရာမ်၏ အလိုသဘောမှာ ဟဂျ် (သို့မဟုတ်) အွမ်ရဟ်၏ နီယသ်ပြု၍ တစ်ဆက်တည်း သလ်ဗိယဟ် ရွတ်ဆိုခြင်းဖြစ်သည်။

AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

ပိတ်စအဖြူနှစ်ထည်အား ခန္ဓာကိုယ်၌ ရစ်ပတ်လိုက်ရုံမျှဖြင့် “မိုဟ်ရင်မ်” မဖြစ်သွားပါ။

၎င်းပိတ်စအဖြူနှစ်ထည်မှာ အိဟ်ရာမ်မဟုတ်ပါ။
အရပ်စကားအရ အလွယ်တကူ ခေါ်ဆိုလိုက်ကြခြင်းသာ ဖြစ်သည်။

အမှန်စင်စစ် နီယသ်ပြု၍ သလ်ဗိယဟ်ဆိုလိုက်မှသာ
အိဟ်ရာမ်၏အမိန့်များ စတင်သက်ရောက်မည်ဖြစ်သည်။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အိဟ်ရာမ်ပတ်နည်း

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ရှေးဦးစွာ ခန္ဓာကိုယ်မှ မလိုအပ်သည့် အမွေးအမှင်များ၊ လက်သည်းခြေသည်းများကို ရှင်းလင်းပါ။





ဟဂ်ျ နှင့် အွမ်ရဟ်

လမ်းညွှန်



AL-SAFA

Educational Network

မှ

စီစဉ်တင်ဆက်သည်။

# ရေချိုးပါ (သို့) ဝုဇူလုပ်ပါ။





ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

# ခန္ဓာကိုယ်ပေါ်အမွှေးအကြိုင်သုတ်လိမ်းပါ။






သို့သော် အိဟ်ရာမ်အဝတ်များ၌ အမွှေးအကြိုင် မသုတ်လိမ်းသင့်ပါ။





အမျိုးသားများ
ခန္ဓာကိုယ်အချိုးအစားအတိုင်း
ချုပ်ထားသော
အဝတ်အစားများကို ကိုယ်ပေါ်မှ
ဖယ်ရှား၍ ကိုယ်အထက်ပိုင်းနှင့်
အောက်ပိုင်းတွင်
ပိတ်စအဖြူနှစ်ထည်အား
ရစ်ပတ်လိုက်ပါ။





ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA

Educational Network

မှ

စီစဉ်တင်ဆက်သည်။

အမျိုးသမီးများအတွက်
အိဟ်ရာမ်အဝတ်အစား ဟူ၍
သီးသန့်သတ်မှတ်ထားခြင်း မရှိပါ။
သမားရိုးကျ အဝတ်အစားများကိုပင်
ဝတ်ဆင်နိုင်သည်။

အဖြူရောင်ဖြစ်ရန်လည်း
အရေးမကြီးပါ။



မှတ်ချက် ။ ။ တရားတော်နှင့်အညီ လုံခြုံစွာ ဝတ်စားဆင်ယင်ရန်
အရေးကြီးသည်။

ထို့နောက် နဖ်လ်နမားဇ်
၂ ရကာအသ် ဝတ်ပြုပါ။

အမျိုးသားများ ဦးခေါင်းနှင့်
ပခုံးများကို ဖုံးအုပ်ထားပါ။

ပထမရကာအသ်၌ စူရဟ်ကာဖိရူးန်နှင့်
ဒုတိယရကာအသ်၌ စူရဟ် အိခ်လားဆ်
ဖတ်ခြင်း ပိုမြတ်၏။



ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်



AL-SAFA
Educational Network
စီစဉ်တင်ဆက်သည်။

# စလာမ်လှည့်ပြီးနောက် ဦးထုပ်ချွတ်ကာ အွမ်ရဟ်အတွက် နီယသ်ပြုပါ။

اَللّٰهُمَّ إِنِّيْ أُرِيْدُ الْعُمْرَةَ، فَيَسِّرْهَا لِيْ، وَتَقَبَّلْهَا مِنِّيْ

အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အွမ်ရဟ်ပြုလုပ်ရန် ရည်ရွယ်ပါ၏။
ကျွန်တော်မျိုးအတွက် အွမ်ရဟ်အား လွယ်ကူစေတော်မူ၍ လက်ခံကဗူးလ်ပြုတော်မူပါ။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

နီယသ်ပြုပြီးနောက် တစ်ဆက်တည်း သလ်ဗိယဟ် ရွတ်ဆိုပါ။

لَبَّيْكَ اَللّٰهُمَّ لَبَّيْكَ، لَبَّيْكَ لَا شَرِيْكَ لَكَ لَبَّيْكَ،
إِنَّ الْحَمْدَ وَالنِّعْمَةَ لَكَ وَالْمُلْكَ، لَا شَرِيْكَ لَكَ

သလ်ဗိယဟ်မရလျှင် အခြားဇိကဉ်ရ်တစ်ခုခု
( لَآ إِلٰهَ إِلَّا اللّٰهُ စသဖြင့်) လည်း ဆိုနိုင်သည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

နီယသ်ပြု၍ သလ်ဗိယဟ် ရွတ်ဆိုလိုက်သည်နှင့် တစ်ပြိုင်တည်း အိဟ်ရာမ်၏အမိန့်များ စတင်သက်ရောက်မည် ဖြစ်ပါသည်။ ထိုအချိန်မှစ၍ အိဟ်ရာမ်၏ စည်းကမ်းချက်များကို လိုက်နာရန် အရေးကြီး၏။





ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# လမ်းခရီးတစ်လျှောက်လုံး သလ်ဗိယဟ်ကို မြားမြောင်စွာ ရွတ်ဆိုပါ။



သလ်ဗိယဟ်ဆိုသောအခါ
တစ်ဆက်တည်း 3 သုံးကြိမ်
ဆိုခြင်း စွန္နသ်ဖြစ်သည်။

အမျိုးသားများ
အသံကျယ်ကျယ်ဖြင့်
ရွတ်ဆိုရမည်ဖြစ်ပြီး
အမျိုးသမီးများအနေဖြင့်
တိုးတိုးစွာဖြင့် ရွတ်ဆိုရမည်။





AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အိဟ်ရာမ်၏တားမြစ်ချက်များ

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အမွှေးအကြိုင်အသုံးမပြုရ။












AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

(အမျိုးသား)

## ခန္ဓာကိုယ်အချိုးအစားအတိုင်း ချုပ်လုပ်ထားသော အဝတ်အစားများ မဝတ်ဆင်ရ။

## လက်အိတ်/ခြေအိတ် မဝတ်ရ။

## အတွင်းခံမဝတ်ရ။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

(အမျိုးသား)



## ဦးခေါင်းကို မဖုံးအုပ်ရ။

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# မျက်နှာကို မဖုံးအုပ်ရ။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

အမျိုးသမီးများအနေဖြင့်
သူစိမ်းအမျိုးသားများနှင့်
ပရ်ဒဟ်လုပ်ရန်အတွက်
နိကားဗ်ဝတ်ဆင်ရာတွင်
အဝတ်နှင့်မျက်နှာ
ထိကပ်ခြင်းမရှိစေရန် လျှာပါသော
ဦးထုပ်ဆောင်း၍ ၎င်းပေါ်မှ
နိကားဗ်ချထားရမည်။






AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။


# ဆံပင်/အမွေးအမှင်များ ညှပ်/ရိတ်/နုတ် ခွင့်မရှိ။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# လက်သည်း/ခြေသည်းများ မညှပ်ရ။





AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ကိုယ်ပေါ်မှ သန်းများ မသတ်ရ/ မဖယ်ရှားရ။

## အန္တရာယ်မပြုသော ပိုးမွှားများကို မသတ်ရ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA

Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ခြေဖမိုးအလယ်ရိုးအား ဖုံးအုပ်စေမည့် ဖိနပ်မျိုး မစီးရ။






# ကုန်းနေသတ္တဝါအား အမဲလိုက်ခွင့်မရှိ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အကြင်လင်မယားများ ဖက်လဲတကင်းနေထိုင်ခြင်း၊ ကိုယ်လက်နှီးနှောခြင်းများ မပြုရ။






AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## အိဟ်ရာမ်အဝတ်ကို လဲခွင့်ရှိသည်။

**သို့သော် လဲမည့်အိဟ်ရာမ်တွင် အမွေးရနံ့များ မရှိစေရန် သတိထားရမည်။**



ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA

1444 AH

Educational Network

မှ စီစဉ်တင်ဆက်သည်။

## ခန္ဓာကိုယ်အေးမြစေရန် အိဟ်ရာမ်အဝတ်ကို ချွတ်၍ ရေချိုးခွင့်ရှိသည်။

**အမွှေးနံ့ပါသော ဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ သွားတိုက်ဆေးများ အသုံးပြုခွင့်မရှိ။**

**ချေးတွန်းခြင်း မက္ကရူးဟ်ဖြစ်သည်။**



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ထီးဆောင်းခွင့်ရှိသည်။

ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ခါးပတ်ပတ်ခွင့်ရှိသည်။





AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

**မီကားသ်နယ်နိမိတ် မရောက်မီအလျင်
နီယသ်ပြု၍ သလ်ဗိယဟ်ဆိုပြီး အိဟ်ရာမ်
ပတ်ထားရန် အရေးကြီး၏။**



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



# ဟဂ်ျ နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။




ဟရမ်နယ်နိမိတ်ပြမြေပုံ

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။




# မီကားသ်နယ်နိမိတ်ပြမြေပုံ

ဟဂ်ျ နှင့်
အွမ်ရဟ်

လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ဓုလ်ဟုလိုင်ဖဟ်

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ဇားသုအိရ်က်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။




ကရ်နုလ်မနာဇိလ်



ယလမ်လမ်

1444 AH
AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။




ဂျုဟ်ဖဟ်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ယနေ့ခေတ် လေယာဉ်ခရီးစဉ်များ၌ မမျှော်မှန်းနိုင်သော အတားအဆီးများနှင့် ကြုံတွေ့ရနိုင်ပါသည်။ ထို့ကြောင့် လေယာဉ်ပေါ်မတက်မီအလျင် နမားဇ်နှစ်ရကအသ်သာ ကြိုတင်ဝတ်ပြုထားပြီး လေယာဉ်ထွက်ခွါ ပျံသန်း၍ **မီကားသ်နယ်နိမိတ် မရောက်မီအလျင် နီယသ်ပြု၍ သလ်ဗိယဟ်ရွတ်ဆိုပါက** ပို၍ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ပါသည်။

AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

# မီကားသ်မရောက်မီ နီယသ်ပြု၍ သလ်ဗိယဟ်ရွတ်ဆိုရန်။







AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။






ကအ်ဘဟ်ကျောင်းတော်အား
လက်ျာရစ် ခုနစ်ပတ် ပတ်ခြင်းကို
**သွဝါးဖ်** ဟုခေါ်သည်။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

မတ်စ်ဂျိဒေဟာရာမ်သို့ရောက်လျှင်
သလ်ဗိယဟ် ရွတ်ဆိုလျက် အရှင့်အိမ်တော်၏
ကြီးကျယ်မြင့်မြတ်မှုကို အထူးအာရုံပြုရင်း
ရိုသေကိုင်းရှိုင်းစိတ် အပြည့်ဖြင့်
စွန္နသ်တော်နှင့်အညီ ဗလီထဲသို့ဝင်ပါ။







AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဗလီအဝင် စွန္နသ်တော်များ

01

ဦးစွာ ဘယ်ခြေမှ ဖိနပ်ကိုချွတ်၍ ထို့နောက် ညာခြေမှ ဖိနပ်ကိုချွတ်ခြင်း။



(بخاری:۵۸۵۵، عن ابی ھریرۃ رضی اللہ عنہ )

02

ဗလီသို့ ညာခြေဖြင့် ဝင်ရောက်ခြင်း။



(بخاری:۴۲۶، عن عائشۃ رضی اللہ عنہ )

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဗလီအဝင် စွန္နသ်တော်များ

03

“ဗိစ်မိလ္လာဟ်” ဆိုခြင်း။

بِسْمِ اللهِ الرَّحْمٰنِ الرَّحِيْمِ




(ابن ماجہ:۷۷۱، عن فاطمۃ رضی اللہ عنہ)

04

ဒရူးဒ်ရှရီးဖ်ဖတ်ခြင်း။

اَلصَّلَاةُ وَالسَّلَامُ عَلٰى رَسُوْلِ اللهِ




(ترمذی:۳۱، عن فاطمۃ رضی اللہ عنہا)

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဗလီအဝင် စွန္နသ်တော်များ

05

ဗလီအဝင်ဒုအာဆိုခြင်း။

اَللّٰهُمَّ افْتَحْ لِيْ اَبْوَابَ رَحْمَتِكَ




(مسلم:١٦٨٥، عن ابي حميد رضي الله عنه)

06

အေ့အ်သိကားဖ်၏နိယသ်လုပ်ခြင်း။



(الاذكار: ١/ ٥٥)

ဟဂျ် နှင့် အွမ်ရဟ်

လမ်းညွှန်

AL-SAFA

Educational Network

စီစဉ်တင်ဆက်သည်။

# ကအ်ဘဟ်ကို မြင်လျှင်မြင်ချင်း لَآ إِلٰهَ إِلَّا اللّٰهُ اَللّٰهُ أَكْبَرُ သုံးကြိမ် ရွတ်ဆိုပါ။



ဟဂ်ျ နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA Educational Network
1444 AH
စီစဉ်တင်ဆက်သည်။

# ထို့နောက် အောက်ပါဒုအာကို ဖတ်ပါ။



اَللّٰهُمَّ أَنْتَ السَّلَامُ وَمِنْكَ السَّلَامُ فَحَيِّنَا رَبَّنَا بِالسَّلَامِ

اَللّٰهُمَّ زِدْ بَيْتَكَ هٰذَا تَعْظِيمًا وَّتَشْرِيفًا وَّتَكْرِيمًا وَّمَهَابَةً

وَّزِدْ مَنْ حَجَّهُ أَوِ اعْتَمَرَهُ تَشْرِيفًا وَّتَكْرِيمًا وَّتَعْظِيمًا وَّبِرًّا.

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဤသည် ဒုအာကဗူးလ်ဖြစ်သော အချိန်ဖြစ်သည်။
# မိမိလိုအင်ဆန္ဒများကို အရှင်မြတ်ထံ ဒုအာတောင်းခံပါ။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

သွဝါးဖ်ပြုလုပ်ခြင်းသည်ပင်
ကအ်ဘဟ်ကျောင်းတော်အား
“သဟီယဟ်”
နှုတ်ခွန်းဆက်သခြင်း
ဖြစ်သောကြောင့် သီးခြား
သဟီယသုလ် မတ်စ်ဂျစ်ဒ်
နမားဇ် ဝတ်ပြုရန်မလိုပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဝုဇူနှင့်တကွသွဝါးဖ်ပြုရန် အရေးကြီးသည်။

ဝါဂျိဗ်





AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အိဒွ်တွေဗာအ်

## သွဝါးဖ်မစတင်မီ
## ညာဘက်ပခုံးကို ဖော်လိုက်ပါ။









AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ရှေးဦးစွာ ဟဂျရေအတ်စ်ဝဒ်ရှိရာဘက်သို့ သွားပါ။



ဟဂျရေအတ်စ်ဝဒ်ရှေ့သို့ရောက်လျှင် သလ်မိယဟ်ရွတ်ဆိုမှုအားရပ်တန့်လိုက်ရမည်။

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဟဂျရေအတ်စ်ဝဒ်အရှေ့ မရောက်မီအလျင် စိတ်ထဲမှသွဝါးဖ်၏ နီယသ်ပြုပါ။

اَللّٰهُمَّ إِنِّيْ أُرِيْدُ طَوَافَ بَيْتِكَ الْحَرَامِ فَيَسِّرْهُ لِيْ وَتَقَبَّلْهُ مِنِّيْ

အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် အရှင်မြတ်၏ မြင့်မြတ်လှသည့် အိမ်တော်အား သွဝါးဖ်ပြုလုပ်ရန် ရည်ရွယ်ပါ၏။ ကျွန်တော်မျိုးအတွက် သွဝါးဖ်အား လွယ်ကူစေတော်မူ၍ လက်ခံကဗူးလ်ပြုတော်မူပါ။

ထို့နောက် ဟာဂျရေအတ်စ်ဝဒ် အရှေ့တည့်တည့်၌ ရပ်၍ နမားဇ်၌ သက်ဗီရေသဟ်ရီမဟ် ဆိုချိန် လက်မြှောက်သကဲ့သို့ လက်နှစ်ဖက်ကို နားအထိမြှောက်ကာ




بِسۡمِ اللّٰهِ - اَللّٰهُ أَكۡبَرُ

ဟု ဆိုပါ။

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ထို့နောက် အောက်ပါဒုအာကို ဖတ်ပါ။

اَللّٰهُمَّ إِيمَانًا بِكَ وَتَصْدِيقًا بِكِتَابِكَ

وَوَفَاءً بِعَهْدِكَ وَاتِّبَاعًا لِسُنَّةِ نَبِيِّكَ

صَلَّى اللهُ عَلَيْهِ وَسَلَّم



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ထို့နောက် ဟာဂျရေအတ်စ်ဝဒ်အား “အိစ်သိလာမ်” ပြုပါ။ ဆိုလိုသည်မှာ နမ်းရှုပ်ရလွယ်ကူလျှင် နမ်းရှုပ်ပါ။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထိုသို့မဖြစ်နိုင်လျှင် လက်
(သို့မဟုတ်) တုတ်ချောင်း
စသည်ဖြင့်ထိကာ
“အိစ်သိလာမ်” ပြုနိုင်၏။



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထိုသို့ထိရန်လည်း မလွယ်ကူလျှင် လက်ဖြင့်ထိနေဟန် အမူအရာပြ၍ ထိုလက်ကိုသာ နမ်းလိုက်ရမည်။





ဟဂ်ျ နှင့် အွမ်ရဟ်

လမ်းညွှန်

**AL-SAFA**

**Educational Network**

မှ စီစဉ်တင်ဆက်သည်။

ယခုကအ်ဘဟ်ကျောင်းတော်အား
လက်ျာရစ် သွဝါးဖ်ခုနစ်ပတ်
စတင်ပတ်နိုင်ပြီဖြစ်သည်။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## အိဖွ်သွေဗာအ်

သွဝါးဖ်ခုနစ်ပတ်စလုံးတွင်
ညာဘက်ပခုံးကို
ဖော်ထားရမည်။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ပထမသုံးပတ်၌ အမျိုးသားများ “ရမလ်” လုပ်ပါ။

ရမလ် = ရင်ကိုကော့၍ ပခုံးများကို လှုပ်ခါကာ ခြေလှမ်းစိပ်စိပ်ဖြင့် ခပ်သွက်သွက် လျှောက်ခြင်း

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အိဖွ်သွေဗာဒ်
(ခုနစ်ပတ်စလုံး)

# ရမလ်
(ပထမသုံးပတ်)

သွဝါးဖ်အပြီး စအီပြုရန်ရှိသော သွဝါးဖ်များ၌သာ ပြုရသည်။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

သွဝါးဖ်လှည့်နေစဉ် ဖတ်ရန်ဒုအာများ သီးခြား သတ်မှတ်ထားခြင်း မရှိပါ။

မိမိအလွယ်တကူ ရွတ်ဖတ်နိုင်သည့် ဒုအာ၊ သတ်စ်ဗီးဟ် များကို ရွတ်ဖတ်နိုင် သလို မိခင်ဘာသာ စကားဖြင့်လည်း လိုအင်ဆန္ဒများကို တောင်းခံနိုင်ပါသည်။



သို့သော်လက်မမြှောက်ရပါ။

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# သွဝါးဖ်ပြုနေစဉ် ကအ်ဘဟ်ကို မကြည့်ရပါ။

ကအ်ဘဟ်ဘက်သို့ တမင် ရင်ဘတ်လှည့်မိပါက (သို့) ကျောပေးမိပါက ထိုနေရာမှ နောက်ပြန်ဆုတ်၍ တစ်ဖန်ပြန်လျှောက်ရမည်။



တမင်မဟုတ်ဘဲ လူတိုးဝှေ့ခြင်းကြောင့်ဖြစ်လျှင် ပြဿနာမရှိပါ။

မလိုအပ်ဘဲ စကားမပြောရပါ။

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

“ရွတ်ကဲနေယမာနီ”
ထောင့်သို့ ရောက်လျှင်
လွယ်ကူပါက
ညာလက်ဖြင့်ထိပါ။

ထိရန်မလွယ်ကူလျှင်
အခြားမည်သို့မျှ
ပြုလုပ်ရန်မလိုပါ။
ရှေ့ဆက်လျှောက်သွား
လိုက်ရမည်။



“ရွတ်ကဲနေယမာနီ” ထောင့်

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# “ရွှတ်က်နေယမာနီ” ထောင့်









## “ရွတ်က်နေယမာနီ” နှင့် “ဟဂျရေအတ်စ်ဝဒ်” ကြားဧရိယာတွင် အောက်ပါဒုအာကိုရွတ်ဖတ်ပါ။

رَبَّنَآ اٰتِنَا فِي الدُّنْيَا حَسَنَةً

وَفِي الْاٰخِرَةِ حَسَنَةً وَقِنَا عَذَابَ النَّارِ

# ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်



AL-SAFA

Educational Network

မှ စီစဉ်တင်ဆက်သည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ဟဂျရေအတ်စ်ဝဒ်သို့
ပြန်ရောက်လျှင် တစ်ပတ်ပြီး၏။

ထို့နောက် ဟဂျရေအတ်စ်ဝဒ်အား
အိစ်သိလာမ်ပြု၍ ကျန်အပတ်ရေများကို
ဤနည်းအတိုင်း ဆက်လက်
လှည့်ပတ်ရမည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။




ခုနှစ်ပတ်ပြည့်လျှင် ဟဂျရေအတ်စ်ဝဒ်အား
ရှစ်ကြိမ်မြောက် အိစ်သိလာမ်ပြုကာ
သွဝါးဖ်ကို အဆုံးသတ်ပါ။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထို့နောက် “မကာမေအိဗ်ရာဟီးမ်” အနား (သို့မဟုတ်) အဆင်ပြေသည့်နေရာတွင် အိဟ်ရာမ်အဝတ်ဖြင့် ပခုံးအုပ်ကာ သွဝါးဖ်၏ **ဝါဂျိဗ်နမားဇ် နှစ်ရကအသ်** ကို ဝတ်ပြုပါ။







AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ဆွလားသ်ဝတ်ပြုသူနှင့် ကအ်ဘဟ်အကြားတွင်
မကာမေအိဗ်ရာဟီးမ် ရှိနေသည့်အခြေအနေ

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## ပထမရကအသ်၌ စူရဟ်ကာဖိရူးန်နှင့် ဒုတိယရကအသ်၌ စူရဟ် အိခ်လားဆွ် ဖတ်ခြင်း ပိုမြတ်၏။







AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ထို့နောက် ဇမ်ဇမ်ရေကို ဝလင်စွာ သောက်သုံးပါ။






ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဥ်တင်ဆက်သည်။

ထို့နောက် လွယ်ကူပါက
“မုလ်သဇမ်” သို့သွားရောက်ကာ
ဖက်တွယ်ငိုကြွေး၍ မိမိ၏
လိုအင်ဆန္ဒများကို တောင်းခံပါ။







AL-SAFA
Educational Network
မှ
စီစဥ်တင်ဆက်သည်။




မုလ်သဇမ်တည်နေရာ

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## မုလ်သဇမ်သို့ သွားရောက်ရန် မလွယ်ကူပါက အဆင်ပြေသည့်နေရာတွင် ဒုအာတောင်းခံပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# သတိပြုရန်





ဟဂျရေအတ်စ်ဝဒ်၊ ရွှတ်ကက်နေယမာနီ၊ မွလ်သဇမ်နှင့်
ကအ်ဘဟ်နံရံတစ်ခုလုံးတွင် များသောအားဖြင့်
အမွှေးအကြိုင်များ သုတ်လိမ်းထားလေ့ရှိပါသည်။
ထို့ကြောင့် အိဟ်ရာမ်၏ အခြေအနေ၌
ထိုနေရာများကို မထိမိစေဘဲ တာဝန်ရှိသည့်
ကိစ္စရပ်များကို ဆောင်ရွက်သွားသင့်ပါသည်။






# စအီ

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# သွဝါးဖ်ပြီးနောက် စအီပြုရပါမည်။




ဆွဖာတောင် နှင့်
မရ်ဝဟ်တောင် အကြား
ခုနစ်ကြိမ် လျှောက်ခြင်းကို
**စအီ** ဟု ခေါ်သည်။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# စအီမပြုမီအလျင် "ဟဂျရေအတ်စ်ဝဒ်" အား ၄ ကြိမ်မြောက် "အိစ်သီလာမ်" ပြုလုပ်ပါ။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ထို့နောက် "ဆွဖာ" တောင်ရှိရာဘက်သို့ သွားပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## “ဆွဖာ” တောင် အနားသို့ရောက်သောအခါ အောက်ပါဒုအာကို ရွတ်ဆိုပါ။

أَبْدَأُ بِمَا بَدَأَ اللَّهُ بِهِ

إِنَّ الصَّفَا وَالْمَرْوَةَ مِنْ

شَعَائِرِ اللَّهِ



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ထို့နောက် ကအ်ဘဟ်ကို မြင်ရသည်အထိ ဆွဖာတောင်ပေါ်သို့ အနည်းငယ်တက်ပါ။



ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA
Educational Network
မှ စီစဉ်တင်ဆက်သည်။

ထို့နောက် ကအ်ဘဟ်ဘက်သို့ မျက်နှာမူကာ လက်နှစ်ဖက်ကို ဒုအာတောင်းသကဲ့သို့ မြှောက်၍

اَللّٰهُ أَكْبَرُ

သုံးကြိမ်ဆိုပါ။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထို့နောက် အောက်ပါ ဒုအာကိုရွတ်ဆိုပါ။

لَآ إِلٰهَ إِلَّا اللّٰهُ وَحۡدَهُ لَا شَرِيكَ لَهُ، لَهُ الۡمُلۡكُ وَلَهُ الۡحَمۡدُ
يُحۡيِي وَيُمِيتُ وَهُوَ عَلَىٰ كُلِّ شَيۡءٍ قَدِيرٌ، لَآ إِلٰهَ إِلَّا اللّٰهُ وَحۡدَهُ، أَنۡجَزَ
وَعۡدَهُ، وَنَصَرَ عَبۡدَهُ، وَهَزَمَ الۡأَحۡزَابَ وَحۡدَهُ

ထို့နောက် မိမိတောင်းလိုသည့် ဒုအာများကို တောင်းပါ။
ဤသည်ဒုအာကဗူးလ်ဖြစ်သော နေရာဖြစ်သည်။

ဒုအာတောင်းပြီးနောက်
“ဆွဖာ” တောင်မှ
မရ်ဝဟ်တောင်ဘက်သို့
စတင်လျှောက်လှမ်းပါ။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဇိကိရ်၊ ဒုအာပြုရင်း ပုံမှန်အတိုင်းလမ်းလျှောက်ပါ။





ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

# မီးစိမ်းနေရာသို့ရောက်လျှင် အမျိုးသားများ အနည်းငယ်ပြေးပါ။



အမျိုးသမီးများမပြေးရပါ။

ဟဂ်ျ နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA

Educational Network

“မရ်ဝဟ်” သို့ရောက်လျှင် တောင်ပေါ်သို့ အနည်းငယ်တက်ကာ ကိဗ်လဟ်ဘက်သို့ မျက်နှာမူ၍ ဒုအာတောင်းခံပါ။

ဤသည် ဒုအာကဗူးလ်ဖြစ်သောနေရာဖြစ်သည်။



ဆွဖာမှစ၍ မရ်ဝဟ်အထိ
ရောက်လျှင် စအီတစ်ပတ်ပြီး၏။

ထို့နောက် မရ်ဝဟ်မှစ၍ ဆွဖာသို့
ပြန်လည်ရောက်ရှိလျှင်
စအီတစ်ပတ်ပြီး၏။

ထိုနည်းအတိုင်း စအီခုနစ်ပတ်မှာ
“ဆွဖာ” မှ အစပြု၍ “မရ်ဝဟ်” တွင်
ပြီးဆုံးမည် ဖြစ်ပါသည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

စအီပြုပြီးနောက်
ဗလီထဲသို့ပြန်လာ၍
နမားဇ်နှစ်ရကအသ်ဝတ်ပြုခြင်း
မွတ်စ်သဟဗ်ဖြစ်သည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ထို့နောက်
# ဦးခေါင်းရှိ ဆံပင်များကို
# ရိတ်/ညှပ်၍ ဆံချရမည်။





**ခေါင်းရိတ်ခြင်း
မှာ ပိုမြတ်၏။**

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## ညှပ်မည်ဆိုပါက အနည်းဆုံး ဦးခေါင်း၏ လေးပုံတစ်ပုံမှ ဆံပင်လက်တစ်ဆစ်မျှ ညှပ်ရမည်။



## ဆံချည်တစ်ပင် နှစ်ပင် ညှပ်ရုံဖြင့် အိဟ်ရာမ်မှ ဟလာလ်ဖြစ်မည်မဟုတ်ပေ။

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အမျိုးသမီးများ ခေါင်းရိတ်တုံးခွင့်မရှိပေ။



ဦးခေါင်းရှိ ဆံပင်များအား စုပေါင်း၍ အဖျားမှ လက်တစ်ဆစ်ခန့် ညှပ်လိုက်ရမည်။

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ဆံရိတ်/ညှပ်ပြီးနောက်
အိဟ်ရာမ်ချွတ်နိုင်ပြီဖြစ်ပါသည်။

မက္ကဟ်မြို့၌ တည်းခိုစဉ်
နဖ်လ်သွဝါးဖ်နှင့် အွမ်ရဟ်များ
များသည်ထက်များအောင်ပြု၍
မိမိရရှိထားသော အခွင့်အရေးကို
တန်ဖိုးထားသင့်ပါသည်။



ဟဂျ်မတိုင်မီ အွမ်ရဟ်အကြိမ်ကြိမ်ပြုခွင့်ရှိသည်။
အလွန်ထူးမြတ်သောကိစ္စဖြစ်သည်။





# ဟဂ်ျကာလ ၅ ရက်တာ

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဇီလ်ဟဂ်ျလ ၈ ရက်နေ့ (ဟဂ်ျပထမနေ့)

မက္ကဟ်၌ပင် အိဟ်ရာမ်ပတ်ရမည်။

အိဟ်ရာမ်ပတ်နည်းမှာ
အထက်တွင်တင်ပြခဲ့သည့်အတိုင်းပင် ဖြစ်သည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

မတ်စ်ဂျိဒေဟရာမ်သို့သွား၍ နဖ်လ်သွဝါးဖ်ပြုပြီးနောက်
အိဟ်ရာမ်ပတ်နိုင်လျှင် ပိုကောင်း၏။
အဆင်မပြေလျှင် မိမိတည်းခိုရာ၌လည်း အိဟ်ရာမ်ပတ်နိုင်သည်။







AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# နီယသ်ပြုရာတွင် ဟဂ်ျအတွက် ရည်စူးရမည်။

اَللّٰهُمَّ إِنِّيْ أُرِيْدُ الْحَجَّ، فَيَسِّرْهُ لِيْ، وَتَقَبَّلْهُ مِنِّيْ

အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးသည် ဟဂ်ျပြုလုပ်ရန် ရည်ရွယ်ပါ၏။
ကျွန်တော်မျိုးအတွက် ဟဂ်ျအား လွယ်ကူစေတော်မူ၍ လက်ခံကဗူးလ်ပြုတော်မူပါ။

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

# သလ်ဗိယဟ်

لَبَّيْكَ اَللّٰهُمَّ لَبَّيْكَ، لَبَّيْكَ لَا شَرِيْكَ لَكَ لَبَّيْكَ،

إِنَّ الْحَمْدَ وَالنِّعْمَةَ لَكَ وَالْمُلْكَ، لَا شَرِيْكَ لَكَ

AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

# ၈ ရက်နေ့ ဖဂ်ျရ်နမားဇ်အပြီး မိနာသို့ထွက်ခွါရမည်။





မှတ်ချက်။ ။ ယနေ့ခေတ်တွင် ဟာဂျီဦးရေများပြားသည့်အတွက် မုအလ္လင်မ်များဘက်မှ စီစဉ်ပေးသည့်အတိုင်း ဟာဂျီများအနေဖြင့် လိုက်သွားရမည်။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# မိနာ၌ နမားဇ် ငါးကြိမ် ဝတ်ပြုရမည်။

- ၈ ရက်နေ့
  - ဇုဟ်ရ်
  - အဆ်ွရ်
  - မဂ်ရိဗ်
  - အိရှာ
- ၉ ရက်နေ့
  - ဖဂျ်ရ်





AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

၉ ရက်နေ့ ဖဂျ်ရ်အပြီးမှစ၍ ၁၃ ရက်နေ့ အဆွ်ရ် အပြီးအထိ ဖရ်ဇ်နမာဇ်ပြီးတိုင်း သက်ဗီရေသ်ရှရီးက် တစ်ကြိမ် ရွတ်ဆိုရန် ဝါဂျိဗ်ဖြစ်သည်။

اَللهُ أَكْبَرُ ـ اَللهُ أَكْبَرُ ـ لَآ إِلٰهَ إِلَّا اللهُ

وَاللهُ أَكْبَرُ ـ اَللهُ أَكْبَرُ وَلِلّٰهِ الْحَمْدُ

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

အမျိုးသားများ
အသံကျယ်ကျယ်ဖြင့်
ရွတ်ဆိုရမည်ဖြစ်ပြီး
အမျိုးသမီးများ တိုးတိုးစွာ
ရွတ်ဆိုရမည်။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဇီလ်ဟဂျ်လ ၉ ရက်နေ့ (ဟဂျ်ဒုတိယနေ့)

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# နံနက်နေထွက်ပြီးနောက် မိနာမှ အရဖားသ်သို့ ထွက်ခွာရမည်။







မှတ်ချက်။ မုအလ္လင်မ် စီစဉ်ပေးသည့်အတိုင်း လိုက်သွားပါ။

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
စီစဥ်တင်ဆက်သည်။

# အရဖားသ်တွင် ဇိုဟ်ရ်နှင့် အဆွ်ရ်ကို ဝတ်ပြုရမည်။



နမိရဟ်ဗလီ၌ အိမာမ်၏ နောက်မှ ဂျမာအသ်ဖြင့် ဝတ်ပြုမည်ဆိုပါက ဇိုဟ်ရ် နှင့် အဆွ်ရ်ကို ပေါင်း၍ ဝတ်ပြုရမည်။






AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

အကယ်၍ မိမိတို့ Camp ၌ပင် ဝတ်ပြုမည်ဆိုပါက အဆွဲရ်ကို ၎င်းအချိန်ကျမှသာ ဝတ်ပြုရမည်။





AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# နမားဇ်ဝတ်ပြုပြီးနောက် နေဝင်သည်အထိ အရဖားသ်၌ ဝုကူးဖ်လုပ်ရမည်။





AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဟဂ်ျတစ်ခုလုံး၏ အဓိကအကျဆုံးကျင့်စဉ်မှာ အရဖားသ်၌ ဝုကူးဖ်လုပ်ခြင်းပင်ဖြစ်သည်။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထိုအချိန်ကို အထူးတန်ဖိုးထား၍ အချိန်ပြည့် ဒုအာတောင်းခံခြင်း၊ သလ်ဗိယဟ်ဖတ်နေခြင်း၊ ဇိကိရ်၊ အိစ်သိဂ်ဖာရ်ပြုနေခြင်းများ ပြုလုပ်၍နေပါ။

မိမိ၏
ကျန်းမာရေးနှင့်
ခံနိုင်ရည်ကို ချင့်ချိန်၍
အတတ်နိုင်ဆုံး
နေပူထဲတွင်
မတ်တတ်ရပ်၍
ဝုကူးဖ်လုပ်နိုင်လျှင်
ပိုကောင်း၏။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။





မိမိနှင့် မိသားစုဝင်များ၊ အွမ္မသ်တစ်ရပ်လုံးအတွက်ပါ
ဒုအာတောင်းပါ။

ဟဂျ် နှင့်
အွမ်ရာဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## အောက်ပါ ဒုအာကို မြားမြောင်စွာ ရွတ်ဆိုပါ။

لَآ إِلٰهَ إِلَّا اللّٰهُ وَحْدَهُ لَا شَرِيكَ لَهُ،

لَهُ الْمُلْكُ وَلَهُ الْحَمْدُ

وَهُوَ عَلَىٰ كُلِّ شَيْءٍ قَدِيرٌ

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

အရဖားသ်နေ့တွင်
အကြောင်းမဲ့
လဲလျောင်းနေခြင်းမှာ
မက္ကရှူးဟ်ဖြစ်သည်။

အလ္လာပသလ္လာပ
ပြောဆိုရင်း
အချိန်မဖြုန်းမိစေရန်
အထူးဂရုပြုပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

1444 AH
AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ရဟ်မသ်တောင်ဝန်းကျင်သည်
ဝုကူးဖ်လုပ်ရန် အကောင်းဆုံး
နေရာဖြစ်သည်။







ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA Educational Network မှ စီစဉ်တင်ဆက်သည်။

# နေဝင်ပြီးနောက် အရဖားသ်မှ မုဇ်ဒလိဖဟ်သို့ အေးဆေးတည်ငြိမ်စွာ ထွက်ခွာရမည်။








AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# မုဇ်ဒလိဖဟ် မရောက်မချင်း လမ်းခုလတ်တွင် မဂ်ရိဗ်နမားဇ် ဝတ်မပြုရပါ။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

မုဇ်ဒလိဖဟ်ရောက်ပြီးမှသာ
အိရှာအချိန်ဝင်ပြီးနောက်
မဂ်ရိဗ်နှင့် အိရှာကို
ပေါင်း၍ဝတ်ပြုရမည်။



နမားဇ်နှစ်ကြိမ်စလုံးအတွက်
အဇာန်တစ်ကြိမ်နှင့် အိကာမသ်တစ်ကြိမ်သာ ဆိုရမည်။

## မဂ်ရိဗ်နှင့်အိရှာအကြား မည်သည့် စွန္နသ်မျှ မဝတ်ပြုရပါ။



အိရှာဝတ်ပြုပြီးမှသာ နမားဇ်နှစ်ကြိမ်စလုံး၏ စွန္နသ်များကို ပေါင်း၍ဝတ်ပြုရမည်။

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

# မုဇ်ဒလိဖဟ်၌ ညတာကုန်ဆုံးရမည်။

ဤညသည်လည်း အင်မတန်
မွန်မြတ်သော
ညတစ်ညဖြစ်သောကြောင့်
တတ်စွမ်းနိုင်သည်နှင့်အမျှ
အိဗာဒသ်များပြုလုပ်ရင်း
ကုန်ဆုံးသင့်ပါသည်။





AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

နောက်ရက်များတွင် ရှိုင်သွာန်ခဲပေါက်ရန် ခဲလုံး ၄၉ (သို့မဟုတ်) ၇၀ ခန့် ကောက်ထားပါ။





ခဲများကို ရေဆေးသန့်စင်လိုက်ပါက ပိုကောင်း၏။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဇိုလ်ဟဂ်ျလ ၁၀ ရက်နေ့ (ဟဂ်ျတတိယနေ့)

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

မုဇ်ဒလိဖဟ်၌
ဖဂ်ျရ်နမားဇ်
ဝတ်ပြုပြီးနောက်
နေမထွက်မီ
ခေတ္တဝုကူးဖ်လုပ်ရမည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထို့နောက် နေမထွက်မီ
အနည်းငယ်အလိုတွင်
မိနာသို့ထွက်ခွါရမည်။





ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# မိနာသို့ရောက်လျှင် ဦးစွာပထမ ရှိုင်သာန်တိုင်အကြီးအား ခဲ (၇) လုံး ပေါက်ရမည်။





ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ၁၀ ရက်နေ့

နေထွက်ပြီး



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ညာလက် လက်မ၊ လက်ညှိုးတို့ဖြင့်
ခဲလုံးကိုကိုင်၍ လက်ကို မြှောက်ပြီး

بِسۡمِ اللهِ - اَللّٰهُ أَكۡبَرُ

ရွတ်ဆိုလျက် ခဲပေါက်ပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

သတိပြုရန်

# ခဲစပေါက်သည့်အချိန်မှစ၍ သလ်ဗိယဟ်ရွတ်ဆိုမှုအား ရပ်တန့်လိုက်ရမည်။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ရှိုင်သာန်တိုင် **အကြီး** အား ခဲပေါက်ပြီးနောက်
ရပ်၍ ဒုအာမပြုရပေ။






ခဲပေါက်ပြီးနောက် ဒမေရှူက်ရ်
သားကောင်အား ကုရ်ဗာနီပြုရမည်။



သမသ်သိုအ်နှင့် ကိရားန်တွင်
ဒမေရှူက်ရ် ဝါဂျိဗ်ဖြစ်သည်။

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ထို့နောက်
# ဦးခေါင်းရှိ ဆံပင်များကို
# ရိတ်/ညှပ်၍ ဆံချရမည်။





**ခေါင်းရိတ်ခြင်း**
**မှာ ပိုမြတ်၏။**

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ညှပ်မည်ဆိုပါက
အနည်းဆုံး ဦးခေါင်း၏
လေးပုံတစ်ပုံမှ
ဆံပင်လက်တစ်ဆစ်မျှ
ညှပ်ရမည်။



ဆံချည်တစ်ပင် နှစ်ပင် ညှပ်ရုံဖြင့် အိဟ်ရာမ်မှ
ဟလာလ်ဖြစ်မည်မဟုတ်ပေ။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အမျိုးသမီးများ ခေါင်းရိတ်တုံးခွင့်မရှိပေ။



ဦးခေါင်းရှိ ဆံပင်များအား စုပေါင်း၍ အဖျားမှ လက်တစ်ဆစ်ခန့် ညှပ်လိုက်ရမည်။

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

၁။ ရှိုင်သာန်ခဲပေါက်ခြင်း





၂။ ကုရ်ဘာနီပြုခြင်း

၃။ ဆံရိတ်/ညှပ်ခြင်း



ဤသုံးခုအား အစဉ်လိုက်ဆောင်ရွက်ရန် အရေးကြီး၏။
ရှေ့နောက် ဖြစ်သွားလျှင် ဒမ်ထိုက်မည်။

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ဆံရိတ်/ညှပ်ပြီးနောက်

အိဟ်ရာမ်ချွတ်နိုင်ပြီဖြစ်ပါသည်။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

သို့သော် သွဝါဖေဇိယာရသ်မတိုင်မီ ဇနီးသည်နှင့်အတူ နှီးနှောနေထိုင်ခွင့်မရှိပေ။






ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထို့နောက်
သွဝါဖေဇိယာရည်
ပြုရမည်ဖြစ်သည်။

သွဝါဖေဇိယာရည်သည် ဟဂျ်၏
တတိယ ဖရ်ဇ် တာဝန်ဖြစ်သည်။

ကိုယ်စားလုပ်ခိုင်း၍ မရသလို
အလျော်အစားတစ်စုံတစ်ရာ
ပေး၍လည်းမရပေ။





AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

# သတိပြုရန်

၁၀ ရက်နေ့ နံနက်မှစ၍
၁၂ ရက်နေ့ နေမဝင်မီအတွင်း
သွဝါဖေဇိယာရသ်ပြုရန်
အရေးကြီးသည်။



နောက်ကျသွားလျှင်
ဒမ်ထိုက်မည်။

ကိုယ်မသန့်သော
အမျိုးသမီးများအနေဖြင့်
၁၂ ရက်နောက်ပိုင်းထိ
ဆိုင်းငံ့ခွင့်ရှိသည်။
ဒမ်မထိုက်ပါ။






AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။


သွဝါဖေဇီယာရသ်အပြီး စအီလုပ်ရန် ကျန်သေးလျှင် သွဝါးဖ်ပထမသုံးပတ်၌ အမျိုးသားများ “ရမလ်” လည်းလုပ်ရမည်။

ရမလ် = ရင်ကိုကော့၍ ပခုံးများကို လှုပ်ခါကာ ခြေလှမ်းစိပ်စိပ်ဖြင့် ခပ်သွက်သွက် လျှောက်ခြင်း

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

သွဝါးဖ်ပြီးနောက်
စအီပြုရပါမည်။

စအီအတွက်
အချိန်မကန့်သတ်ထားပါ။

၁၂ ရက်နေ့နောက်ပိုင်းလည်း
ပြုနိုင်သည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



၁၀-၁၁ ညများကို မိနာ၌
ကုန်ဆုံးခြင်း စွန္နသ်ဖြစ်သည်။





AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ၁၁-၁၂ နှစ်ရက်တွင် နေမွန်းလွဲပြီးနောက် ရှိုင်သွာန် သုံးတိုင်စလုံးအား ခဲပေါက်ရမည်ဖြစ်သည်။






**သတိပြုရန်**

နေမွန်းမလွဲမီ ခဲပေါက်ပါက အထမမြောက်ပေ။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ဦးစွာပထမ ရှိုင်သာန်တိုင် **အသေး** အား ခဲ (၇) လုံးပေါက်ရမည်။






AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

# ထို့နောက် အနည်းငယ်ရှေ့တိုး၍ ကိဗ်လဟ်ဘက်သို့လှည့်ပြီး မတ်တတ်ရပ်၍ ဒုအာတောင်းရမည်။






# ထို့နောက် ရှိုင်သာန်တိုင် အလတ် အား ခဲ (၇) လုံးပေါက်ရမည်။






AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထို့နောက် အနည်းငယ်ရှေ့တိုး၍ ကိဗ်လဟ်ဘက်သို့လှည့်ပြီး မတ်တတ်ရပ်၍ ဒုအာတောင်းရမည်။






# ထို့နောက် ရှိုင်သာန်တိုင် အကြီး အား ခဲ (၇) လုံးပေါက်ရမည်။






# ထို့နောက် ဒုအာမပြုရပေ။



# ၁၁ ရက်နေ့

နေမွန်းလွဲပြီး



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ၁၂ ရက်နေ့

နေမွန်းလွဲပြီး



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ရှိုင်သာန်ခဲပေါက်ခြင်း၏
အဓိကရည်ရွယ်ချက်မှာ
အလ္လာဟ်အရှင်မြတ်အား
ဇိက်ရ် သတိရတသရန် နှင့်
ရှိုင်သာန်မိစ္ဆာအား
သေးသိမ်စေရန်ဖြစ်၏။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ခဲပေါက်ခြင်းသည် အိဗာဒသ်တစ်ရပ်ဖြစ်သည်။

စိတ်ရောကိုယ်ပါ ကျိုးနွံစွာ ပြုလုပ်ရမည်။

ဟာသဆန်အောင်လုပ်၍
အိဗာဒသ်၏အနှစ်သာရကို မဖျက်စီးရပေ။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ဖိနပ်ဖြင့်ပေါက်ခြင်း၊ လေးခွဖြင့်ပစ်ခြင်း၊ တုတ်ဖြင့်လှမ်းရိုက်ခြင်း စသော ကိုးရိုးကားရားနိုင်သည့် လုပ်ရပ်များကို အထူးရှောင်ရမည်။





ဟဂ္ဂျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network

# မိနာ၌ နားခိုရသော ရက်များသည် အလ္လာဟ်အရှင်မြတ်အား ဇိကိရ် သတိရ တသရသော အချိန်ကာလများ ဖြစ်ပါသည်။

အိဗာဒသ်များ၌ မွေ့လျော်၍ အချိန်ကုန်ဆုံးရမည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အလ္လာဟုအက်ဗရ် ပြောဆိုရင်း အချိန်မဖြုန်းမိစေရန် အထူးဂရုပြုပါ။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ၁၂ ရက်နေ့ နေမဝင်မီ မိနာမှ ထွက်ခွာနိုင်သည်။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

၁၃ ရက်နေ့ နံနက်ဖဂျ်ရ်အချိန်အထိ မိနာမှ မထွက်ခွာရသေးလျှင် ၎င်းနေ့အတွက်ပါ ခဲပေါက်ပြီးမှ ထွက်ခွာရန် ဝါဂျိဗ်ဖြစ်သွားမည်။

၁၃ ရက်နေ့

နေမွန်းလွဲပြီး



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

အမျိုးသမီးများ ကိုယ်မသန့်သောအခြေအနေ၌
**သွဝါဖ်း** မှအပ ကျန်ဟဂ်ျကျင့်စဉ်များအားလုံးကို
ပုံမှန်အတိုင်း ဆောင်ရွက်နိုင်သည်။

**သတိပြုရန်**

ကိုယ်မသန့်သောအခြေအနေ၌
ဗလီဝတ်ကျောင်းတော်အတွင်းသို့
ဝင်ရောက်ခွင့် အလျှင်းမရှိပေ။

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



မက္ကဟ်မြို့၌ တည်းခိုစဉ် နဖ်လ်သွဝါးဖ်နှင့် အွမ်ရဟ်များများသည်ထက်များအောင်ပြု၍ မိမိရရှိထားသော အခွင့်အရေးကို တန်ဖိုးထားသင့်ပါသည်။

မက္ကဟ်မြို့ ၌ နေထိုင်နေစဉ် အွမ်ရဟ်ထပ်မံပြုလုပ်လိုပါက ဟရမ်နယ်နိမိတ်ပြင်ပ "ဟိလ်" (ဥပမာ - အာအိရှဟ်သခင်မဗလီ၊ ဂျိအိရ်ရာနဟ်ဗလီ၊ ဟုဒိုင်ဗီယဟ်ဗလီ၊ ဂျိဒ္ဒဟ် စသည့်နေရာများ) သို့ထွက်၍ အိဟ်ရာမ်၏ နီယသ်ပြုရမည် ဖြစ်ပါသည်။

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။





အာအိရှဟ်သခင်မဗလီ

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



အာအိရှဟ်သခင်မဗလီအတွင်းပိုင်း

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ဟာရမ်နယ်နိမိတ်ပြမှတ်တိုင်



ဂျီအိရ်ရာနဟ်ဗလီ

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။





# ဟုဒိုင်ဗီယဟ်ဗလီ

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။





**ဟုဒိုင်ဗီယဟ်ဗလီအဟောင်း**

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ဂျိဒ္ဒဟ်နှင့် ဟုဒိုင်ဗီယဟ်သည် ဟရမ်နယ်နိမိတ်၏ ပြင်ပ၊ မီကားသ်နယ်နိမိတ်အတွင်း “ဟိလ်” တွင် တည်ရှိသည်။ မီကားသ်အပြင်အထိမရောက်ပါ။ ထို့ကြောင့် အဆိုပါနေရာများသို့ သွား၍ မက္ကဟ်သို့ပြန်လာပါက အိဟ်ရာမ်ပတ်ရန် အရေးမကြီးပါ။ အွမ်ရဟ်လုပ်လိုက လုပ်နိုင်သလို အွမ်ရဟ် မလုပ်လျှင်လည်း မည်သို့မျှ ပြဿနာမရှိပါ။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

မဒီနဟ်၊ သွာအိဖ် နှင့် သဗူးက် တို့မှာ
မီကားသ်ပြင်ပတွင် တည်ရှိသောကြောင့်
အဆိုပါနေရာများသို့သွား၍
မက္ကဟ်သို့ပြန်လာပါက အိဟ်ရာမ်ပတ်ရန်
အရေးကြီးသည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

# သွဝါးဖေဝဒါးအ်
# (နှုတ်ဆက်ခွဲခွာသော သွဝါးဖ်)

AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

အာဖာကီ (မီကားသ်ပြင်ပမှလာသူ) များအနေဖြင့် မိမိနေရပ်သို့မပြန်မီ သွဝါးဖေဝဒါးအ် (နှုတ်ဆက်ခွဲခွာသော သွဝါးဖ်) ပြုရန် ဝါဂျိဗ်ဖြစ်သည်။

**သတိပြုရန်**

အကြောင်းမဲ့ စွန့်လွှတ်ပါက ဒမ်ထိုက်မည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။

သွဝါဖေဇိယာရသ်ပြီးနောက်
နဖ်လ်သွဝါးဖ်တစ်ကြိမ်
ပြုလုပ်ထားပြီးဖြစ်ပါက
သွဝါဖေဝဒါးအ်အတွက်
လုံလောက်၍
တာဝန်ကျေပြီဖြစ်သည်။



သို့သော် မက္ကာဟ်မှ ပြန်လည် ထွက်ခွာခါနီးအချိန်တွင် သီးခြား
သွဝါးဖေဝဒါးအ်လုပ်ခြင်းမှာ ပိုမြတ်၏။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အမျိုးသမီးများအနေဖြင့် ကိုယ်မသန့်သောကြောင့် သွဝါဖေဝဒါးအ်ပြုလုပ်ရန် အခွင့်မရခဲ့ပါက မည်သို့မျှပြဿနာမရှိပေ။ ဒမ်မထိုက်ပေ။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# သွဝါဖေဝဒါးအ်လုပ်ပြီးနောက် အခွင့်အရေးရလျှင် မုလ်သဇမ်သို့သွား၍ ဒုအာတောင်းသင့်သည်။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# အရှင်မြတ်၏ အိမ်တော်သို့ အကြိမ်ကြိမ် ပြန်လာခွင့်ပေးရန် အထူးဒုအာတောင်းပါ။



မိမိဘက်မှ ထိုက်ထိုက်တန်တန်
တန်ဖိုးမထားနိုင်ခဲ့မှုများကို
တွေးတောရင်း
ဝမ်းနည်းကြေကွဲစွာဖြင့်
နှုတ်ဆက်ခွဲခွါပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# မဒီနဟ်ခရီးစဉ်



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
Educational Network



မဒီနဟ်ရွှေမြို့တော်သည်
အလွန်တရာမွန်မြတ်
ထူးကဲလှစွာသော
တမန်တော်မြတ် ﷺ ၏
ရောင်ဒွဟ်တော် တည်ရှိရာ
မြို့တော်ဖြစ်သည့်အလျောက်
ပြင်းပျသောအချစ်စိတ်များ
နှင့်တကွ ဒရူးဒ်ရှရီးဖ်
များမြောင်စွာ ရွတ်ဖတ်ရင်း
ခရီးဆက်ပါ။






ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။









# မဒီနဟ်ရွှေမြို့တော်အဝင်ဂိတ်

ဟဂ်ျ နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

မဒီနဟ်ရှေမြို့တော်သို့ရောက်လျှင် ဟိုတယ်၌ ပစ္စည်းများကို စနစ်တကျ နေရာချထားပြီးနောက် တမန်တော်မြတ် ﷺ ၏ ရောင်ဒွဟ်တော်သို့ ခစားဝင်ရောက်၍ စလာမ်ဆက်သရန် ပြင်ဆင်ပါ။



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ရေချိုးသန့်စင်ပါ။





ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



# သန့်ရှင်းသပ်ရပ်၍ သစ်လွင်သော အဝတ်အစားများ ဝတ်ဆင်ပါ။

## အမွှေးအကြိုင်များ သုတ်လိမ်းပါ။



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



# စွန္နသ်တော်နှင့်အညီ ရှိသေမှုအပြည့်ဖြင့် ဗလီဝတ်ကျောင်းတော်သို့ ဝင်ရောက်ပါ။





AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



# ဒေ့ဒ်သိကားဖ်နီယသ်ပြုပါ။

သဟီယသုလ်မတ်စ်ဂျိဒ်
နမားဇ်ဝတ်ပြုပါ။



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



တမန်တော်မြတ် ﷺ ထံ ခစားခွင့် ဆုလာဘ်တော် ချီးမြှင့်ခြင်းအတွက် အလ္လာဟ်အရှင်မြတ်အား ရှုက်ရိုပြုပါ။

အလ္လာဟ်အရှင် ယခု ဇိယာရသ်ပြုခြင်း ကို လက်ခံတော်မူရန် ဒုအာတောင်းပါ။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# ထို့နောက် ကြည်ညိုကိုင်းရှိုင်းစိတ်အပြည့်ဖြင့် တိုးညင်းစွာ ဒရူးဒ်ရှရီးဖ်ဖတ်ရင်း အေးဆေးတည်ငြိမ်စွာ ရောင်ဒွဟ်တော်ရှိရာသို့ သွားပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ဓာတ်ပုံ/ဗီဒီယို ရိုက်ကူးခြင်း၊ ဖုန်းပြောခြင်း၊ ကျယ်လောင်သောအသံဖြင့် ဇိုက်ရ်ပြုခြင်းနှင့် စကားပြောခြင်းတို့ကို ရှောင်ကြဉ်ပါ။



AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။





# ဘာဘွတ်စ်စလာမ်

(အမျိုးသားများစလာမ်ပေးခစားဝင်ရန် သတ်မှတ်ထားသည့်ဂိတ်)

ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်

AL-SAFA Educational Network မှ စီစဉ်တင်ဆက်သည်။






တမန်တော်မြတ် ﷺ

ဟဇရသ်အဘူဘကရ် رضي الله عنه

ဟဇရသ်အုမရ် رضي الله عنه



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



တမန်တော်မြတ် ﷺ ၏
ရွှေမျက်နှာတော်မူရာ တည့်တည့်ရှိ
ရွှေရောင်ကွင်းအကြီးရှေ့သို့ရောက်လျှင်
ကဗရ်တော်ဘက်သို့ မျက်နှာမူ၍
တရိုတသေ မတ်တတ်ရပ်ကာ

တမန်တော်မြတ် ﷺ အား
စလာမ်မေတ္တာဆက်သပါ။



AL-SAFA
Educational Network
မှ
စီစဥ်တင်ဆက်သည်။






တမန်တော်မြတ် ﷺ

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ခြေစုံရပ်၍ ခေါင်းမငုံ့ဘဲ မျက်လွှာအောက်ချပြီး ရိုသေမှုအပြည့်ဖြင့်
လှိုက်လှိုက်လှဲလှဲ မတိုးမကျယ်သောအသံဖြင့် စလာမ်ပို့သပါ။

اَلسَّلَامُ عَلَيْكَ يَا رَسُوْلَ اللهِ

اَلسَّلَامُ عَلَيْكَ أَيُّهَا النَّبِيُّ وَرَحْمَةُ اللهِ وَبَرَكَاتُهُ

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



တစ်စုံတစ်ယောက်က
တမန်တော်မြတ် ﷺ ထံ
စလာမ်ပါးလိုက်ပါက
၎င်းဘက်မှလည်း
စလာမ်ဆက်သပါ။



ဟဂျ် နှင့် အွမ်ရဟ် လမ်းညွှန်



AL-SAFA Educational Network မှ စီစဉ်တင်ဆက်သည်။



# တစ်ဦးတစ်ယောက်ဘက်မှ စလာမ်ပို့သရာတွင်

ဥပမာ- ယာရစူလလ္လာဟ်၊ ကျွန်တော်မျိုးသည် “ဇိုင်ဒ်” ဘက်မှ ကိုယ်တော့်အား စလာမ်မေတ္တာပို့သပါသည်။

اَلسَّلَامُ عَلَيْكَ يَارَسُوْلَ اللّٰهِ

ဟု ဆိုပါ။

ဟဂ်ျ နှင့် အွမ်ရဟ်

လမ်းညွှန်



AL-SAFA

Educational Network

မှ

စီစဥ်တင်ဆက်သည်။



# အများသူငါဘက်မှ စလာမ်ပို့သရာတွင်

ယာရစူလလ္လာဟ်၊ ကိုယ်တော်ှအား

စလာမ် မေတ္တာ ပို့ဆက်သူ အားလုံးဘက်မှ

စလာမ် မေတ္တာ ပို့သအပ်ပါသည်။

اَلسَّلَامُ عَلَيْكَ يَارَسُوْلَ اللهِ

ဟု ဆိုပါ။



ဟိုဟိုဒီဒီလျှောက်ကြည့်ခြင်း၊ ဓာတ်ပုံ/ဗီဒီယိုရိုက်ကူးခြင်း၊ ဖုန်းပြောခြင်း၊ စကားစမည်ပြောဆိုခြင်း တို့ကို ရှောင်ကြဉ်ပါ။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



# ထို့နောက် ညာဘက်သို့ အနည်းငယ်တိုး၍ ဟဇရသ်အဘူဘက်ရ်ဆွိဒ္ဒီးက် رضي الله عنه အား စလာမ်ပို့သပါ။



ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။







AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



## ဟဇရသ်အဘူဘက်ရ်ဆွိဒ္ဒီးက် رضي الله عنه အား စလာမ်ပို့သရန်

اَلسَّلَامُ عَلَيْكَ يَاخَلِيفَةَ رَسُولِ اللهِ

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



# ထို့နောက် ညာဘက်သို့ အနည်းငယ်ထပ်တိုး၍ ဟဇရသ်အုမရ်ဖာရူးက် رضي الله عنه အား စလာမ်ပို့သပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။





ဟဂ်ျ နှင့် အွမ်ရဟ် လမ်းညွှန်



AL-SAFA Educational Network မှ စီစဉ်တင်ဆက်သည်။



## ဟဇရသ်အုမရ်ဖာရူးကျ် رضي الله عنه အား စလာမ်ပို့သရန်

# اَلسَّلَامُ عَلَيْكَ يَا أَمِيْرَ الْمُؤْمِنِيْنَ

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

ထို့နောက် လူရှင်းသည့်နေရာ၌
တမန်တော်မြတ် ﷺ ၏
ဝစီလယ်ဖြင့် ငိုယို၍
အလ္လာဟ်အရှင်မြတ်ထံတော်
ပါး၌ ဒုအာတောင်းပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



မိမိအတွက် မဂ်ဖိရသ်ရရန်၊
တမန်တော်မြတ် ﷺ ၏ ရှဖာအသ်ရရန်
နှင့် ဒွန်ယာအာခိရသ်ရေးရာ
လိုအင်ဆန္ဒများကို အထူးဒုအာပြုပါ။

ဤသည်ဒုအာကဗူးလ်ဖြစ်သော
အချိန်ဖြစ်သည်။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။



အမျိုးသမီးများ စလာမ်ပေး
ခစားဝင်ရောက်ရန်အတွက်
အချိန်သီးသန့်နှင့်
နေရာသီးသန့်
သတ်မှတ်ထားပါသည်။
အတွေ့အကြုံရှိသူများအား
မေးမြန်းစုံစမ်း၍
အဆင်ပြေသည့်အချိန်
စလာမ်ပေး
ခစားဝင်ရောက်နိုင်ပါသည်။







မဒီနဟ်မြို့၌နေထိုင်စဉ်
အမျိုးသားများအနေဖြင့်
မတ်စ်ဂျိဒေနဗဝီ၌
နမားဇ်များကို
ဂျမာအသ်နှင့်တကွ
ဝတ်ပြုနိုင်ရန်
အထူးဂရုပြုပါ။








AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



အခွင့်အရေးရလျှင်
တမန်တော်မြတ် ﷺ ၏
မင်မ်ဘရ်တော်နှင့်
အခန်းတော်အကြားရှိ
ဂျန္နသ်အစိတ်အပိုင်း
“ရိယာဇုလ်ဂျန္နဟ်”
(ကော်ဇောဖြူ) ၌
နမားဇ်ဝတ်ပြုနိုင်ရန်
ကြိုးစားပါ။



ဟဂ်ျ နှင့်
အွမ်ရာဟ်
လမ်းညွှန်



AL-SAFA
1444 AH
Educational Network
မှ
စီစဥ်တင်ဆက်သည်။





“ရိယာဒုလ်ဂျန္နဟ်” (ကော်ဇောဖြူ)









“ရိယာဇုလ်ဂျန္နဟ်” (ကော်ဇောဖြူ)

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။



# တမန်တော်မြတ် ﷺ ၏
# မင်မ်ဘရ်တော်



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။





တမန်တော်မြတ် ﷺ ၏
မိဟ်ရာဗ်တော်









ဂျန္နသုလ်ဘကီးအ်

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။





ကုဗာဗလီ



ကုဗာဗလီ

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



ကိဗ်လသိုင်းန်ဗလီ

ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။





ကိဗ်လသိုင်းန်ဗလီ





လက်ရှိမိဟ်ရာဗ်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။







မိဟ်ရာဗ်အဟောင်းအမှတ်အသား



အုဟုဒ်တောင်

AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။



## မဒီနဟ်မှ ပြန်လည်ထွက်ခွာတော့မည်ဆိုလျှင်



ရှေးဦးစွာ မတ်စ်ဂျိဒ်နဗဝီသို့သွား၍ နဖ်လ်နှစ်ရကအသ်ဝတ်ပြုပါ။






ထို့နောက် တမန်တော်မြတ် ﷺ ၏ ရှေ့တော်မှောက်သို့ ခစားဝင်ရောက်၍ နှုတ်ဆက်စလာမ် ဆက်သပါ။

AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။

## ထို့နောက် အလ္လာဟ်အရှင်မြတ်ထံတော်ပါး၌ ကျိုးနွံခယစွာ ငိုယို၍ ဒုအာတောင်းပါ။

မဒီနဟ်၌ နေထိုင်စဉ် မိမိဘက်မှ ပေါ့လျော့ခဲ့မှုများကို ခွင့်လွှတ်တော်မူရန် နှင့် နောက်ထပ် အကြိမ်ကြိမ် တမန်တော်မြတ် ﷺ ထံ ခစားခွင့် ချီးမြှင့်တော်မူပါရန် အထူးဒုအာများတောင်းပါ။



ဟဂ်ျ နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။





AL-SAFA
1444 AH
Educational Network
မှ
စီစဉ်တင်ဆက်သည်။







1444 AH

# AL-SAFA
# Educational Network

ဟဂျ် နှင့်
အွမ်ရဟ်
လမ်းညွှန်



AL-SAFA
Educational Network
မှ
စီစဉ်တင်ဆက်သည်။

# جزاكم الله احسن الجزاء

အလ္လာဟ်ရှင်မြတ် ကောင်းသောအစားများ ချီးမြှင့်ပေးတော်မူပါစေ။

